လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန
စိုက်ပျိုးစရိတ်ချေးငွေးရေးဌာနခွဲ

ရန်ကုန်မြို့၊ ၁၃၂၁ ခု၊ တော်သလင်းလဆန်း ၂ ရက်။
(၁၉၅၉ ခု၊ စက်တင်ဘာလ ၃ ရက်။)

အမှတ် ၂၅၅။ ။ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် အက်ဥပဒေပုဒ်မ ၉၂ ဖြင့်၊ အပ်နှင်းထားသော အာဏာကိုသုံးစွဲလျက် နိုင်ငံတော်သမ္မတသည်၊ ၁၉၅၃ ခုနှစ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ် နည်းဥပဒေများတွင် အောက်ပါပြင်ဆင်ချက်များကိုပြုလိုက်သည်။ *

အဆိုပါနည်းဥပဒေများ၏ နည်းဥပဒေ ၁၂ (၂) နောက်တွင် အောက်ပါကို နည်းဥပဒေခွဲ (၃) အဖြစ် ဖြည့်စွက်ထည့်သွင်းလိုက်သည်။

" (၃) နည်းဥပဒေခွဲ (၁) အရ၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော ကျေးရွာ ငွေချေး ကော်မတီလူကြီးတစ်ဦး၏ ရာထူးလစ်လပ်သည့်အခါ၊ ထိုသူကိုရွေးကောက်တင်မြှောက် သောနည်းအတိုင်းကျေးရွာအုပ်စုနေ လယ်ယာလုပ်ကိုင်သူတစ်ဦးကို ရွေးကောက် တင်မြှောက်၍ လစ်လပ်သည့်နေရာကို ဖြည့်ရမည်။"

အမိန့်အရ၊

ဘကြူး၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဝန်ကြီးဌာန။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်၊ စာမျက်နှာ - ၁၇၁၄။*